# ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org
crph.official.mm@gmail.com

ဖွန်လ ၁၄ ရက်၊ ၂၀၂၁ ခုနှစ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာနက အောက်ပါရည်ရွယ်ချက်များဖြင့် ပေးပို့လာသော "ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု ဥပဒေကို တတိယ အကြိမ် ပြင်ဆင်သည့် ဥပဒေ" အား ပြည်ထောင်စုလွှတ်တော်က အတည်ပြုထုတ်ပြန်လိုက်သည်။

" ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို တတိယအကြိမ်ပြင်ဆင်ရခြင်း ရည်ရွယ်ချက်"

၁) ပြည်သူ့ကြွေးမြီဆိုသည်မှာ ပြည်သူလူထု၏ကိုယ်စား အစိုးရအဖွဲ့က တာဝန်ယူ၊ တာဝန်ခံ၍ ချေးငွေများကိုရယူပြီး ပြည်သူလူထုအကျိုးစီးပွားအတွက် အစိုးရအဖွဲ့က စီမံခန့်ခွဲသုံးစွဲခြင်းကြောင့် တင်ရှိလာသည့် ကြွေးမြီများသာဖြစ်ပါသည်။

၂) ပြည်သူလူထုကို ကိုယ်စားပြုခြင်း အလျဉ်းမရှိသော တရားမဝင်အာဏာသိမ်းစစ်ကောင်စီက ပြည်သူလူထုထံမှ နိုင်ငံတော်အာဏာအား အတင်းအဓမ္မလုယူထားသည့်အပြင် ပြည်သူလူထုအား အကြမ်းဖက်နှိပ်စက်သတ်ဖြတ်ရန်အတွက် လိုအပ်သည့်ဘဏ္ဍာရန်ပုံငွေအား ဖြည့်ဆည်းရန် ပြည်တွင်းပြည်ပမှ ချေးငွေများကို ရယူခြင်းသည် ခွင့်လွှတ်လက်ခံနိုင်ဖွယ် လုံးဝမရှိသော လုပ်ရပ်ဖြစ်သည်။

၃) ထိုကဲ့သို့သော လုပ်ရပ်များကို အမြန်ဆုံး ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရန် ရည်ရွယ်၍ ဤဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရခြင်း ဖြစ်သည်။

"Purpose of the Third Amendment to the Public Debt Management Law"

1) Public debts are liabilities incurred as a result of borrowing by the Government in the name of and on behalf of the people, and are managed and spent in the interest of the people.
2) It is unforgiveable and impermissible for the illegal military council, which has no claim to represent the people, and which has usurped State power by force from the people, to fund their apparatus of terror, persecution and slaughter by borrowing from domestic or foreign lenders under the guise of raising public debt.
3) This law was amended with the purpose to preclude, expeditiously and effectively, any such borrowing.

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်

**ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**

( ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၄ ။ )

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေတွင် ပါရှိသော "စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂ ။ ပုဒ်မခွဲ (ခ) အား အောက်ပါအတိုင်း အစားထိုးရမည်။

"(ခ) အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ နှင့် ယင်းအားဆက်ခံသော အစိုးရအဖွဲ့ကို ဆိုသည်။"

၄။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၂ ။ ပုဒ်မခွဲ (ပ)၏နောက်တွင် ပုဒ်မခွဲ (ဖ) နှင့် (ဗ)တို့အား အောက်ပါအတိုင်း အသီးသီး အသစ်ဖြည့်စွက်ရမည်။

"(ဖ) တရားမဝင်အာဏာသိမ်းစစ်ကောင်စီဆိုသည်မှာ နိုင်ငံတော်အာဏာကို မတရားရယူထားသော အကြမ်းဖက်အဖွဲ့အစည်း အဖြစ် ကြေညာခြင်းခံထားရသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နှင့် ယင်းအားဆက်ခံသော အဖွဲ့အစည်းကိုဆိုသည်။"

"(ဗ) ကန့်သတ်ထားသောအဖွဲ့အစည်း ဆိုသည်မှာ တရားမဝင်အာဏာသိမ်းစစ်ကောင်စီ နှင့်ယင်းက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ထိန်းချုပ်ပိုင်ခွင့် သို့မဟုတ် ပိုင်ဆိုင်မှုရှိသည့် အဖွဲ့အစည်း၊ ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်း၊ ဌာန၊ အေဂျင်စီ၊ ဝန်ကြီးဌာန သို့မဟုတ် လူပုဂ္ဂိုလ်ကိုဆိုသည်။"

၅။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃ ၏ ခြေဆင်းအား အောက်ပါအတိုင်း အစားထိုးရမည်။

"၃။ မည်သူမျှ အစိုးရအဖွဲ့၏ အတည်ပြုချက်မရှိဘဲ အောက်ပါကိစ္စ ရပ်များအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပမှ နိုင်ငံတော်ကိုယ်စား ငွေချေးယူမှုကို ဆောင်ရွက်ခြင်းမပြုရ။"

၆။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၆ အား အောက်ပါအတိုင်းအစားထိုးရမည်။

"၁၆။ ပြည်တွင်းဈေးကွက်တွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချ၍ ငွေချေးယူခြင်းကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။"

၇။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၇ အား အောက်ပါအတိုင်း အစားထိုးရမည်။

"၁၇။ အစိုးရငွေချေးသက်သေခံလက်မှတ်များအား ပြည်ပတွင်ထုတ်ဝေရောင်းချ၍ ငွေချေးယူခြင်းကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။"

၈။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၈ ။ ပုဒ်မခွဲ (က)အား အောက်ပါအတိုင်း အစားထိုးရမည်။

"(က)မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ချေးငွေစာချုပ်များချုပ်ဆို၍ ငွေချေးယူခြင်းကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။"

၉။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၈ ။ ပုဒ်မခွဲ (ခ)၏ ခြေဆင်းအား အောက်ပါအတိုင်း အစားထိုး ရမည်။

"(ခ) မည်သူမျှ ချေးငွေများနှင့်စပ်လျဉ်းသည့် အောက်ပါဆောင်ရွက်ချက်များကို အစိုးရအဖွဲ့၏ အတည်ပြုချက်မရှိဘဲ ဆောင်ရွက်ခြင်းမပြုရ။"

၁၀။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၄ ။ ပုဒ်မခွဲ(က) အားအောက်ပါအတိုင်း အစားထိုးရမည်။

"(က)ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။"

၁၁။ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၅ ၏နောက်တွင် ပုဒ်မ ၄၆ နှင့် ၄၇ တို့အား အောက်ပါအတိုင်း အသီးသီး အသစ်ဖြည့်စွက်ရမည်။

"၄၆။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ကန့်သတ်ထားသောအဖွဲ့အစည်း တစ်ရပ်ရပ်၏ ငွေချေးယူခြင်း၊ ကြွေးမြီတင်ရှိခြင်း သို့မဟုတ် ပေးရန်တာဝန်ရှိခြင်းသည် အစိုးရကြွေးမြီ သို့မဟုတ် ပြည်သူ့ကြွေးမြီ သို့မဟုတ် နိုင်ငံတော်၏အာမခံချက်ရှိသည့်ကြွေးမြီဟု မှတ်ယူခြင်းမပြုရ။ ထိုကဲ့သို့သောငွေချေးခြင်း၊ ကြွေးမြီ သို့မဟုတ် ပေးရန်တာဝန်ရှိမှုတို့နှင့် စပ်လျဉ်း၍ ကန့်သတ်ထားသောအဖွဲ့အစည်း တစ်ရပ်ရပ်မှ ချုပ်ဆိုထားသော သဘောတူညီချက်များ၊ စာချုပ်စာတမ်းများ သို့မဟုတ် အာမခံချက်များ အားလုံးသည် နိုင်ငံတော် သို့မဟုတ် အစိုးရအဖွဲ့အပေါ်တွင် ဥပဒေအရ သက်ရောက်မှု မရှိစေရ။"

"၄၇။ ကန့်သတ်ထားသောအဖွဲ့အစည်းတစ်ခု၏ချေးငွေ၊ ကြွေးမြီ၊ တာဝန်ဝတ္တရားများ သို့မဟုတ် ကြွေးမြီ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော် သို့မဟုတ် အစိုးရအဖွဲ့အပေါ်တွင် တောင်းဆိုပိုင်ခွင့် မရှိစေရ။"

---

ပြည်ထောင်စုလွှတ်တော်သည် ဤပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။